Fဆေးကုသမှု ထိပ်သို့

# 1 ဆေးကုသမှုအဖွဲ့အစည်း

## 1-5 သတိထားရမည့်အချက်



### (1)ဆေးခန်း၊ဆေးရုံအတွင်းသတိထားရမည့်အချက်များ

ဆေးခန်း၊ဆေးရုံအတွင်း စမတ်ဖုန်းစသည့် ဆက်သွယ်ရေးကိရိယာများအသုံးမပြုရ။ ကြိုတင်စာရင်း သွင်းထားသော အချိန် ၊ချိန်းဆိုထားသောအချိန်ကို အချိန်မှန် စောင့်စည်းပါ။ စစ်ဆေးချက်ရလဒ်နှင့် ဆေးအသုံးပြုနည်းကို သေချာစွာနားလည်အောင်လုပ်ရန်အရေးကြီးသည်။



### (2)ဘာသာစကားအခက်အခဲ

ဘာသာစကားအခက်အခဲအတွက်စိတ်ပူပါကစကားပြန်ဝန်ဆောင်မှု၊စကားပြန်လုပ်ပေးနိုင်သူနှင့်အတူတကွဆေးရုံသို့သွားပါ။အချို့မြို့နယ်၏နိုင်ငံတကာဆက်ဆံရေးအဖွဲ့သည်စကားပြန်ဝန်ဆောင်မှုလုပ်ပေးပါသည်။ဆေးရုံအချို့တွင်ရှိသောဆေးကုသမှုအတိုင်ပင်ခံနှင့်လည်းဆွေးနွေးနိုင်ပါသည်။

### (3)ဂျပန်နိုင်ငံ၏ဆေးကုသမှုစနစ်ကိုနားလည်သဘောပေါက်မှုမရှိလျှင်

ဂျပန်နိုင်ငံ၏ဆေးကုသမှုစနစ်သည် ကာယကံရှင်ကိုယ်တိုင်က လျှောက်ထားမှ ထောက်ပံ့မှုကိုခံယူနိုင်သည့်စနစ်များသောကြောင့် စနစ်ကို နားလည်ထားရန်အရေးကြီးသည်။ ကောင်တာမှာမေးမြန်းခြင်း ၊ ဆေးကုသမှုအတိုင်ပင်ခံရှိပါက ၎င်းနှင့်တိုင်ပင်ဆွေးနွေးပါ။ အခမဲ့ တိုင်ပင်ဆွေးနွေးနိုင်သည်။ ဆွေးနွေးသည့်အရာများကို လျှို့ဝှက်ထားပေးမည်ဖြစ်သည်။ စိတ်ချလက်ချဆေးကုသမှုခံယူရန်ကူညီပေးသည့်အဖွဲ့အစည်းနှင့် ဆေးကုသမှုအတိုင်ပင်ခံနှင့် အားမနာဘဲ တိုင်ပင်ဆွေးနွေးသင့်သည်။